
အစိမ်းရောင်
အခန်းဝက ခြေသံတရှပ်ရှပ်နှင့်
သရဲလိုက်သည့်ည

# အခန်း၀က ခြေသံတရှပ်ရှပ်နှင့် သရဲလိုက်တဲ့ ည

ဒီလို ခရီးထွက်ကြတဲ့ အခါ ကားပေါ်မှာ က စုစုပေါင်း ရှစ်ယောက်ပါ ။ ယောကျ်ားလေး သုံးယောက်။ မိန်းကလေး ငါးယောက်ပါ။ မန်နေဂျာ အစ်မကြီးလည်း အပါအဝင်ပေါ့။ ကျွန်တော်တို့ လည်း ရန်ကုန်ကနေ မနက်စောစောမှာ ထွက်ခဲ့ကြပြီး ပဲခူးမြို့, ညောင်လေးပင်မြို့, တောင်ငူမြို့ စတဲ့ မြို့တွေမှာ အရင်ဆုံး ဖြန့်ဝေ ကြပါတယ်။ အဲဒီကနေ တစ်ဆင့် နေပြည်တော်ကို ရောက်ခဲ့ပါသေးတယ်။

နေပြည်တော်မှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ကျတော့ ပျဉ်းမနား, မိတ္ထီလာ စတဲ့ မြို့တွေကို ဖြန့်ချိရင်း ပြင်ဦးလွင်ကို ညနေစောင်း လောက်မှာ တက်ခဲ့ကြပါတယ်။ တောင်ပေါ် ရောက်လာတာနဲ့ အမှု အေးချက်က စိမ့်နေအောင်ပင် အေးလှပါတယ်။ လေလေး တစ်ချက်ကို က အသည်းခိုက်အောင်ကို အေးလှပါတယ်။ အချိန်ကလည်း ဆောင်းတွင်း မရောက် တရောက် ဆိုတော့လည်း လူတွေဆိုတာ ခိုက်ခိုက်တုန် နေပါပြီ။

ဒီလိုနဲ့ ပြင်ဦးလွင်အကျော် နောင်ချိုမြို့မှာ တစ်ညအိပ် ကြပါတယ်။ နောက်တစ်နေ့ မနက်ပိုင်းလောက် မှာ တော့ နောင်ချိုကနေ ဆက်၍ ထွ

က်ခဲ့ကြရာ လားရှိုးကိုတော့ ညနေလောက်မှာ ရောက်ခဲ့ပါတယ်။ လားရှိုး ရောက်တော့ နီးဘုရားကြီး ရှိတဲ့ မန်ဆူကျောင်းတိုက်မှာ တည်းခိုကြပါ တယ်။ အဲဒီ ဘုန်ကြီးကျောင်းမှာ က ကျွန်တော်တို့လို အခြားနယ်က လာ တဲ့ ဧည့်သည် တွေ တည်းခိုဖို့ အတွက် ကျောင်းဝန်းထဲမှာ အဆောင် လေးတွေ ဆောက်လုပ် ပေးထားတာတွေက အများကြီးပါ။

အခုတော့ လားရှိုးမှာ ဈေးပွဲတော်က ၅ ရက် ရှိတဲ့ အတွက် တခြား ကုမ္ပဏီတွေက လူတွေရော ဧည့်သည် တွေပါ ရောက်ရှိနေကြတဲ့ အတွက် အခန်းတွေမှာ က လူပြည့်လို့ နေပါတယ်။ ကျွန်တော်တို့ လည်း ရောက်ရောက်ချင်းပဲ ဆရာတော်ကြီးကို ဝင်ဖူးကာ အကျိုးအကြောင်းကို လျှောက်တင် လိုက်ကြတဲ့ အခါ ကျောင်းတိုက်ရဲ့ ထောင့်တစ်နေရာက အဆောင်လေး နှစ်ခုတော့ အလွတ်ရှိသေးတဲ့ အတွက် အဲဒီ အခန်းမှာ ပဲ တည်းဖို့ အဆင်ပြေ သွားခဲ့ပါတယ်။

အဲဒါနဲ့ ပဲ ကျွန်တော်တွေလည်း အဆောင်ရှေ့ နားထိ ကားမောင်း သွားပြီး ပါလာတဲ့ ပစ္စည်းတွေ ဆေးပုံးတွေကို ကားပေါ်ကနေ ချကြပါတ ယ်။ ဒီအချိန်မှာ ပဲ တစ်ခု ထူးဆန်းတာက ကျွန်တော်တို့ တည်းဖို့ အခန်း လိုက်ပြတဲ့ ဦးလေးကြီးကတော့ မျက်နှာ သိပ်ပြီး မကောင်းလှပါဘူး။ တ စ်ခုခု ပြောမယ် ပြင်လိုက် မပြောပဲ နေလိုက်နဲ့ မျက်စိမျက်နှာ အနည်းငယ် ပျက်နေ သလိုပါပဲ။

ကျွန်တော်လည်း အကြောင်းတစ်ခုခု ရှိလို့ သူ့ဘာသာ မျက်နှာမ ကောင်းတာ ဖြစ်မှာ ပါ ဆိုပြီး ဘာမှ တော့ ဆက်မတွေး မိတော့ပါဘူး။ ကျွန်တော်တို့ တည်းတဲ့ အဆောင်က အပေါ်ထပ် အောက်ထပ် ပေါင်း (၈ ) ခန်း ရှိပါတယ်။ ကျွန်တော်တို့ က အစွန်ဆုံး အခန်းမှာ ပါ။ ယောကျ်ား လေး (၃) ယောက် စုနေပါတယ်။ မန်နေဂျာ အစ်မ အပါအဝင် မိန်းက

လေး (၅) ယောက် ကတော့ တစ်ဖက် အခန်းမှာ စုနေကြပါတယ်။ ကျွန်တော်တို့ ရဲ့ အဆောင်ရှေ့မှာ တော့ ဆောက်လက်စ တိုက်တစ်လုံး ရှိပါတယ်။ ရုပ်လုံးတော့ ပေါ်လာပါပြီ။ ဒါပေမဲ့ ပြီးဖို့ ကတော့ အနည်းငယ် လိုပါသေးတယ်။

ကျွန်တော်တို့ လည်း ရေမိုးချိုး ခဏနားကာ ထမင်း ထွက်စားကြပါတယ်။ ညရောက်လာ လေလေ အအေးဓာတ်က ပိုပိုလာ လေလေပါပဲ။ ဘုန်းကြီးကျောင်းက ပေးထားတဲ့ ဂွမ်းကပ် အခင်းတွေ စောင်အထူကြီးတွေ ကြောင့်သာ အအေး ခံနိုင်ပေတယ်။ ရန်ကုန်မှာ ခြုံတဲ့ စောင်မျိုး ဆိုရင်တော့ အရိုးကွဲအောင် အေးနေမယ်လို့ ထင်မိပါတယ်။ အဲဒီ ညမှာ တော့ ဘာမှ ထူးထူးခြားခြား မရှိပါဘူး။

နောက်တစ်နေ့ကို ရောက်တော့ ဈေးပွဲတော် သွားကာ ဆိုင်ကို ခင်းကျင်း ပြင်ဆင်ပြီး နေ့လယ်လောက်မှာ စတင် ရောင်းချကြပါတယ်။ ည ၇ နာရီ လောက်မှာ တော့ ပစ္စည်းတွေသိမ်းကာ ပြန်လာခဲ့ကြပါတယ်။ ဒုတိယ ညလည်း ထူးထူးခြားခြား ဘာမှ မဖြစ်ခဲ့ပါဘူး။ တတိယ ညမှာ လည်း ထို့အတူ အေးအေး ဆေးဆေး ပါပဲ။ ဒါပေမဲ့ စတုတ္ထည မှာ တော့ ဇာတ်လမ်း စခဲ့ပါတော့တယ်။

လေးရက်မြောက် ညကို အရောက်မှာ တော့ ကျွန်တော်တို့ တွေ လည်း ဆိုင်သိမ်း ပြန် လာပြီး ထမင်းစားကြကာ ကိုယ့်အဆောင်ထဲကိုယ် ဝင်ခဲ့ကြပါတယ်။ ပြီးတော့ အိပ်ရာခင်းကာ စောင်ခြုံလျက် မအိပ်ကြသေးပဲ စကားစမြည် ပြောကြဆိုကြရင်း ည ကိုးနာရီ ခွဲလောက်မှာ တော့ ကျွန်တော်ရော သူငယ်ချင်း နှစ်ယောက်ပါ မျက်လုံးတွေ မှေးစင်းလာတဲ့ အတွက် အိပ်စက် လိုက်ကြပါတော့တယ်။ တံခါးကိုတော့ အတွင်းကနေ လော့ချ ထားလိုက်ကြပါတယ်။

ဒီလိုနဲ့ ကျွန်တော် အိပ်ပျော်နေစဉ် နားထဲမှာ ကြားလိုက် ရတာက ...

''ညီညီရေ ... ညီညီ ... ဟော့ကောင် ထပါဦးဟ''

ဆိုပြီး နှိုးနေတဲ့ အသံကို ကြားနေရတော့ ကျွန်တော်လည်း ဖျတ်ခနဲ နိုးသွားပါတယ်။ ကြည့်လိုက်တော့ အောင်ကျော်က ကျွန်တော့်ကို နှိုးနေတာပါ။ ကျွန်တော်လည်း လူးလဲ ထလိုက်တော့ အော်ကျော်က ပြောလိုက်ပါတယ်။

''ညီညီ ခဏ ထပါကွာ ငါအပေါ့ သွားချင်လို့ ပါ''

ဒီတော့ ကျွန်တော်လည်း အောင်ကျော့်ကို စိတ်တိုတိုနဲ့ ...

''ဟာ ... မင်းကလည်း ကွာ အိပ်ကောင်းမှ ဖြင့်''

ဒီလို ပြောလိုက်တော့ အောင်ကျော်လည်း မျက်နှာညိုးငယ်ကာ ...

''လုပ်ပါကွာ ငါကြောက်လို့ ပါ ...''

ဆိုပြီး ပြန်ပြောပါတယ်။ ဟုတ်တော့ ဟုတ်ပါတယ်။ အောင်ကျော်က သရဲ ကြောက်တတ်ပါတယ်။ ညဘက် တစ်ယောက်တည်းဆိုရင် အိမ်ပေါ်ကနေ အိမ်အောက်တောင် မဆင်းရဲသူပါ။ အခုလည်း ကြည့် အိမ်သာ ရေချိုးခန်းက အဆောင်နောက်မှာ နီးနီးလေးပါပဲ။ ဒါကို မသွားရဲလို့ အဖော်ခေါ်နေတော့ ကျွန်တော်လည်း ...

''အေးပါကွာ သွားသွား ငါစောင့်ပေးမယ်''

ဆိုတော့မှ သူ့ခမျာ စိတ်အေးသွားတဲ့ ပုံမျိုး ဖြစ်သွားပါတော့တယ်။ ဒီတော့ ခပ်လှမ်းလှမ်းမှာ ကျွန်တော်က စောင့်နေရပါတယ်။ ခဏနေတော့ အောင်ကျော့်ဆီက ...

''အောင်မယ်လေး ဘာသံကြီးလည်း ဟ''

ဆိုပြီး အော်လိုက်ကာ အမောတကောနဲ့ ပြေးဝင်လာတာကို ရုတ်တရက် တွေ့လိုက်ရပါတယ်။ ဒီတော့ ကျွန်တော်လည်း အံ့သြမိပြီး မေးရပါတော့တယ်။

''ဟေ့ကောင့် အောင်ကျော် ဘာဖြစ်လာတာလဲ''

လို့ မေးလိုက်တော့ သူက ထိတ်ထိတ်ပျာပျာနဲ့ ပြန်ပြောတာက ...

''ငါအပေါ့ သွားနေတုန်း အခန်းနံရံ အပြင်ဘက်ကနေ အုတ်နံရံကို တဗုတ်ဗုတ်နဲ့ လာပုတ်နေသလို ကြားလိုက်တယ်ကွ ငါလည်း ဘာများလည်း ဆိုပြီး ကြောက်လို့ ပြေးလာတာ''

ဒီလိုပြောလိုက်တော့ ကျွန်တော်လည်း စိတ်တို သွားမိပါတယ်။ ဟုတ်တယ်လေ။ ဘာမှ လည်း သေသေချာချာ ကြားတာ မဟုတ်ပဲနဲ့ နံရံကို လာပုတ်သလို အသံလေးကြားလို့ ပြေးလာတာ ဆိုတော့ စိတ်တိုသွားမိတာပါ။ ဒီတော့ ကျွန်တော်လည်း ...

''ဟ မင်းကလည်း ကွာ အပင်တွေ ဘာတွေ တစ်ခုခု နေမှာ ပေါ့ ဘာမှ မဟုတ်ပဲ ကြောက်နေသေးတယ် မင်းကို ညကျရင် ခြေသံ လာပေးလိမ့်မယ်''

ဆိုပြီး နှုတ်က လွှတ်ခနဲ ပြောမိ သွားပါတယ်။ ကျွန်တော်လည်း မရည်ရွယ်ပဲ ပြောမိလိုက်တာပါ။ ဒါကို ဒီကောင်က လန့်ဖြန့်သွားပြီး ...

''ဟေ့ကောင်နော် မင်းမစနဲ့ ငါတကယ်ကြောက်တာကွ''